ထီးဝါပလောကျေးရွာ

မြဝတီမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထီးဝါပလောကျေးရွာ၊ မြဝတီမြို့နယ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မြဝတီမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ထီးဝါပလောကျေးရွာ သယံဇာတပြမြေပုံ၊ မြဝတီမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၀
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၅
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၆
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၀
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၂
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မတ်၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထီးဝါပလောကျေးရွာ
မြဝတီမြို့နယ်

ထီးဝါပလောကျေးရွာ သယံဇာတပြမြေပုံ၊ မြဝတီမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထီးဝါပလောကျေးရွာသည် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၏ ထီးဝါပလော ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မဲ့ပလဲ့ ကျေးရွာ၊ ကျေးရွာ၏ အနောက်ဘက်တွင် ထီးလောသေကျေးရွာ၊တောင်ဘက်တွင် ဇရပ်ဖြူ ကုန်း ကျေးရွာ၊ ရွာ၏မြောက်ဘက်တွင် ကျော်ခိုကျေးရွာတည်ရှိသည်။ ကျေးရွာတွင် ကရင်၊ ဗမာ၊ စသည့် တိုင်းရင်းသားများအများဆုံးနေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း စုပေါင်း နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ (၈၈)ဧက၊ တောင်ယာမြေ (၈၀၉)ဧကနှင့် ဥယျာဉ်ခြံမြေ (၃)ဧက၊ စုစုပေါင်း(၉၀၀)ဧကရှိပါသည်။ သဘာဝပေါက်ပင်များလည်း အသင့်အတင့်ပေါက်ရောက်မှုရှိပါသည်။ အိမ်ခြံမြေများတွင်လည်းရာသီအလိုက် ပန်းပင်၊ ဟင်းသီးဟင်းရွက်ပင်၊ ငှက်ပျော၊ အုန်း၊ သရက်ပင်စသော အပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား - ၂၀ ဦး၊ မ- ၅) မိခင်နှင့်ကလေးအဖွဲ့ (မ-၅)ဦး ၊ လူပျိုကောင်းအဖွဲ့ ကျား-(၁၅)၊ မ(၁၅)ဦး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ကျား-၁၀ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်း များတွင် စည်းရုံးလုပ်ဆောင် နေကြပါသည်။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်း လုပ်ဆောင် နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ထီး**ဝါပလော**ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ **(၁၅၈)** အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် **(၁၁၈)** အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် **(၂၂)** အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၃) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် **စပါး** သီးနှံများကို အားထားစိုက်ပျိုး

ကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု**၏ သုံးပုံတစ်ပုံခန့်**ရှိပြီး အများစုသည် နေ့စားကျပန်းလုပ်ကိုင်နေကြပါသည်။ **0020**

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ နွေရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးလုပ်ကိုင်ရန် ရေလုံလောက်မှုမရှိပါ။ **စပါး**အထွက်နှုန်းမှာ တစ်ဧကော ပျမ်းမျှ **(၈၀)တင်း**ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် **ထွန်စက်(၂၄၀)လုံး** လက်တွန်းထွန်စက် **(၁၅)** စီး၊ ရေစုပ်စက် **(၁)** လုံး၊**မြက်ရိတ်စက်(၂)လုံး** ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့ မရှိပါ။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ လွယ်ကူစွာဝယ်ယူနိုင်ခြင်းမရှိသော်လည်း ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ရွာနီးစျေးတွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် မိမိကိုယ်တိုင်သောလည်းကောင်း ၊ ကုန်သည်ပွဲစားများမှတဆင့် လည်းကောင်း ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၅၉) အိမ်ရှိပြီး နွားကောင်ရေ (၁၀၆၈) ကောင်၊ အိမ်ထောင်စု (၄၁) အိမ်မှ နို့စားနွား (၈၆) ကောင်၊ အိမ်ထောင်စု (၄၁) အိမ်မှ နို့စားနွား (၈၆) ကောင်၊ အိမ်ထောင်စု (၇၄) အိမ်မှ ကျွဲ (၃၅၉) ကောင်၊ အိမ်ထောင်စု (၁) အိမ်မှ မြင်း (၂) ကောင်၊ အိမ်ထောင်စု (၃၈) အိမ်မှ ဆိတ် (၁၁၄) ကောင်၊ အိမ်ထောင်စု (၁၄) အိမ်မှ သိုး (၂၆) ကောင်၊ အိမ်ထောင်စု (၃၀၃) အိမ်မှ ဝက် (၇၂၆) ကောင်၊ အိမ်ထောင်စု (၂၂၁) အိမ်မှ ကြက် (၁၀၅၆) ကောင်၊ အိမ်ထောင်စု (၈၂) အိမ်မှ ဘဲ(၂၅၂) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှနို့စားနွား(၁၀)ကောင်၊စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်

လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများနှင့်နိုင်ငံရပ်ခြားဒေသ တို့တွင် လုပ်ကိုင်သူများရှိပါသည်။ လယ်ယာသားငါး ထွက်ကုန်မဟုတ်သောအခြား ဒေသ ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို ဘဏ်များမှ လွယ်ကူစွာချေးယူ နိုင်ခြင်းမရှိပါ။ တောင်ယာစိုက်ပျိုးသူများသည် ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပြီး သီးနှံ ထုတ်ပေးသော သူဌေးများမှ စိုက်ပျိုးစရိတ်ကို အတိုးကြီးပေး၍ ချေးယူကြရပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာ အတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူ နေကြရပါ သည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြ ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး **(၉၈)** စီး၊ မော်တော်ဆိုင်ကယ် **(၂၇၂)** စီး၊ ထော်လာကျီ **(၄)** စီး၊ကား **(၃၈)**စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းလမ်းများသည် **ကွန်ကရစ်လမ်း(၃)လမ်းနှင့်** မြေသားလမ်း**(၈)လမ်း** ဖြစ်ကြပါသည်။မြေသားလမ်းများ ဖြစ်သောကြောင့် မိုးတွင်းကာလတွင်ဗွက်များ ၊ချိုင့်များ ပြည့်ကာ ကား၊ဆိုင်ကယ်၊ ထော်လာကျီများ သွာလာရ ခက်ခဲပါသည်။

ထီး**ဝါပလော**ကျေးရွာတွင် ကွန်ကရစ်တံတား**(၂)** စင်း**ရှိ**ပါသည်။ သစ်တားတံတား **(၁)စင်း** တည်ဆောက်ထားသော်လည်း ကြံခိုင်မှုအားနည်း၍ ကွန်ကရစ်တံတား အသစ် ပြန်လည်တည်ဆောက်ရန်လိုအပ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာရှိ အိမ်ခြေနည်းငယ်မှာ ဆိုလာမီးကို အသုံးပြုကြပါသည်။အချို့သော အိမ်ထောင်စုမှာ ဒီဇယ်အင်ဂျင်မီလင်းရေးမှ အခကြေးငွေပေး၍ သုံးစွဲကြပါသည်။ ကျေးရွာရှိ

အိမ်ထောင်အများစုမှာ ဖယောင်းတိုင်မီးကိုသာ အသုံးပြုနိုင်ကြပါသည်။ ထီးဝါပလော ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အလှမ်းအလွန်ဝေးကွာလှပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ထီးဝါပလောကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၆၆) လုံး၊ ရေဒီယို (၇) လုံး၊တီဗွီ (၉၂) လုံး၊ ဂြိုလ်တုစလောင်း (၅၄) လုံး စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့်တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ ရှိပါသည်။

၆။ ပညာရေး

ထီးဝါပလောရွာတွင် အလယ်တန်း(ခွဲ)ကျောင်း အဆင့်ပညာရေးမှ အလယ်တန်း ကျောင်းအဆင့်ပညာရေးကိုတိုးမြှင့်ရန်လိုအပ်ပါသည်။တစ်နှစ်ထက်တစ်နှစ် ကျောင်းသား/ သူဦးရေများပြားလာခြင်းကြောင့် ကျောင်းဆောင်သစ်လည်း ကလေးများလုံခြုံစွာ ပညာ သင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးပတ်လည်အား ကာရန်ရန်**နှင့် ဆရာ/ဆရာမ များအတွက် ဝန်ထမ်းအိမ်ယာ(၄)ခန်းတွဲတစ်လုံး** လိုအပ်နေပါသည်။ ထို့ပြင်ကျောင်းသုံး ပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ **ထီးဝါပလော**ကျေးရွာတွင် အထက်တန်းနှင့် တက္ကသိုလ်တက်နေသည့် ကျောင်းသား၊ကျောင်းသူများလည်း အနည်း ငယ် ရှိပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြ ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သူများမှာ လူဦးရေ၏ **(၅၀.၄၂)** ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ **(၁၂.၉၇)** ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ **(၅.၃)** ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ **(၀.၄၅)** ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ထီးဝါပလောကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့် ကာကွယ်ဆေး များအားကျေးရွာအထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲရှိသော်လည်း ကုတင်နှင့်ဆေးဝါး အလုံအလောက် မရှိပါ။အရေးပေါ် ကျန်းမာရေးပြဿနာ ဖြစ်ပေါ်လာပါက မြဝတီမြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်**ကြ**ပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို အဓိကအားဖြင့် **ရေတွင်း**မှ ရယူသုံးစွဲကြပါသည်။ ကျေးရွာတွင် အဓိကထားသုံးစွဲနေသော **ရေတွင်း**ရေမှာ ကျန်းမာရေးနှင့်ညီညွတ်စေရန်

ရေအရည်အသွေး ကောင်းမွန်စေရန် ပြုလုပ်သင့်ပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထီးဝါပလောကျေးရွာတွင် လက်လုပ်လက်စား ကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ထီးဝါပလော ကျေးရွာတွင်သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးပါသည်။ရာသီဥတုအပြောင်းအလဲ ကာလတွင်အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊ ၄က်ဖျားရောဂါ၊ဆီးချိုရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါ၊ တီဘီရောဂါ ဖြစ်ပွားသည့် လူနာ အနည်းငယ်သာ ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ ဝက်ဆိုင်ရာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ထီးဝါပလောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာဗဟုသုတများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ပူလွဲပူ			ကျေးရွာအမည် – ထီးဝါပလော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်၊ မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ	

ကျေးရွာအုပ်စုအမည် – ပူလွဲပူ			ကျေးရွာအမည် – ထီးဝါပလော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
			ပြင်ဆင်ခြင်း။	
၁၃	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအုတ်တံတိုင်းခြံစည်းရိုးပြုပြင်ခြင်း။(၄၃၅၆၀')	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်း တံခါး၊ ပြတင်းပေါက်များပြုပြင်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအိမ်သာ (၂)ခန်းတွဲ (၁)လုံး ဆောက်လုပ်ခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအမှိုက်ကျင်း ဆောက်လုပ်ခြင်း။	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းမီးစက်(၁)လုံး ဖြည့်တင်းခြင်း။	
၂၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ဝန်ထမ်းအိမ်ယာ သစ်သားဆောင်မှ အဆင့်မြှင့်တင်ခြင်း။	
၂၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ဝန်ထမ်းအိမ်ယာ (၄)ခန်းတွဲ (၁)လုံး ဆောက်လုပ်ခြင်း။	
၂၃	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၄	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊	ဆေးဝါးနှင့် ကုတင်မလုံလောက်ခြင်း။	

ကျေးရွာအုပ်စုအမည် – ပူလွဲပူ			ကျေးရွာအမည် – ထီးဝါပလော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
		ကျောင်းကျန်းမာရေး		
၂၅	ကျန်းမာရေး	သားဖွားဆရာမ၊ကျေးလက်ကျန်းမာရေးမှူး	ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	မြေသားလမ်း (၁၂၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၁၂၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၂၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၁၀၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၂၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၁၀၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၃၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၆၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၃၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၁၀၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၃၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၆၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	
၃၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	မြေသားလမ်း (၇၀၀'×၁၂'×၀'ဖ") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။	ဆောင်ရွက်ပြီး
၃၈	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	သစ်သားတံတား (၄၆'×၁၅'×၁၇') မှ ကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ခြင်း။	
၃၉	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေ (၅)မိုင် သွယ်တန်းခြင်း။	

ကျေးရွာအုပ်စုအမည် – ပူလွဲပူ			ကျေးရွာအမည် – ထီးဝါပလော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၄၀	လျှပ်စစ်	မိသားစုသုံးဆိုလာ	ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။	
၄၁	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။	
၄၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း။	
၄၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။	
၄၄	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၄၅	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၄၆	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၄၇	ဆက်သွယ်ရေး		ဆက်သွယ်ရေးဧရိယာတိုင် တပ်ဆင်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	

ထီးဝါပလောကျေးရွာ၊ ထီးဝါပလောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဖားခု	ဦးကြာသာ	၃/မဝတ (နိုင်) ၀၀၈၁၁၂	၅၁	နာယက	၀၉၇၉၅၀၁၄၉၇၇
၂	ဦးမောင်တင်	ဦးဖားရှိုး	၃/မဝတ (နိုင်) ၀၀၁၁၄၄	၆၅	နာယက	၀၉၇၈၁၀၅၇၆၂၇
၃	ဦးနိုနို	ဦးသန်းငွေ	၃/မဝတ (နိုင်) ၁၂၀၉၀၄	၅၇	နာယက	၀၉၄၅၁၁၃၉၆၁၈
၄	ဦးစောကျော်ဖိုး	ဦးကျော်ထွက်	၃/မဝတ (နိုင်) ၀၂၅၅၂၁	၃၅	ဥက္ကဋ္ဌ	၀၉၇၉၁၈၅၇၈၇၅
၅	ဦးစောဂျင်းမိ	ဦးခိုးနွဲ့	၃/မဝတ (နိုင်) ၀၁၀၇၁၂	၅၁	အတွင်းရေးမှူး	၀၉၇၇၆၂၃၄၅၇၄
၆	ဦးစောချက်	ဦးဘိထူး	၃/မဝတ (နိုင်) ၀၀၈၁၂၄	၅၀	ဘဏ္ဍာရေးမှူး	၀၉၇၇၇၆၅၁၂၃၂
၇	ဒေါ်လှဝင်း	ဦးစောမောလို့	၃/မဝတ (နိုင်) ၀၂၁၉၃၄	၅၀	စာရင်းကိုင် (၁)	၀၉၇၆၆၃၆၆၈၁၅၈
၈	ဦးဒိကူ	ဦးကလေ့ဘော	၃/မဝတ (နိုင်) ၀၁၃၃၂၆	၄၉	အဖွဲ့ဝင်	၀၉၇၇၀၆၆၆၆၃၀၇
၉	ဒေါ်နော်လင်းလင်းခိုင်	ဦးမောင်တင်	၃/မဝတ (နိုင်) ၀၂၁၉၃၄	၃၀	အဖွဲ့ဝင်	၀၉၇၇၇၇၂၄၀၁၀
၁၀	ဒေါ်နော်ဘလဲ့စေး	ဦးဖားနှုတ်	၃/မဝတ (နိုင်) ၀၅၂၈၅၃	၂၇	အဖွဲ့ဝင်	၀၉၇၆၉၀၁၀၂၅၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ထီးဝါပလောကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁၁	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၇၃	၆၁	၁၃၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၈	၉၀	၁၅၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉၄	၉၂	၁၈၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၈၉	၆၄၃	၁၂၃၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၇	၂၁	၄၈
စုစုပေါင်း		၈၅၅	၉၁၈	၁၇၇၃
စုစုပေါင်း အိမ်ထောင်စု		၃၇၃		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာသည်အိမ်ထောင်စု(၃၇၃)စု၊ လူဦးရေ(၁၇၇၃)ဦး ရှိပါသည်။ထီးဝါပလောကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၀.၈၅%)၊ (၅)နှစ်အောက်ကလေးငယ် (၇.၅၆%)၊မူလတန်းကျောင်းသားအရွယ် (၈.၉၁%) ၊အလယ်တန်း ကျောင်းသားအရွယ်(၁၀.၄၉%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၆၉.၄၉%)၊သက်ကြီးရွယ်ကြီး(၂.၇၀%)ရှိ ပါသည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေတစ်ရွာလုံးရှိလူဦးရေ၏(၃၀.၅၁%)ရှိပြီးအလုပ် လုပ်နိုင်သည့်အရွယ်ကျား (၅၈၉)ဦး၊ မ (၆၄၃)ဦးစုစုပေါင်း (၁၂၃၂)ရှိပြီး တစ်ရွာလုံး လူဦးရေ ၏(၆၉.၄၉%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၇၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅) ဦးနှုန်းခန့် ရှိနေပါသည်။ ကျေးရွာ အတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀၁	၉၀၉	-	မြင့်✓လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၇၂	၁၅၆	-	မြင့်□လတ်✓နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၁	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၃၇၃	၁၀၆၅	–	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုသောကျေးရွာဖြစ်သည်ဟုဆိုနိုင်သည်။ တောင်သူများသည် စပါးကိုအဓိက စိုက်ပျိုးကြပါသည်။ကျေးရွာရှိ အိမ်ခြေ(၃၇၃)အိမ်အနက်(၃၇၃)အိမ်သည်စိုက်ပျိုးရေး လုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ်အဓိကလုပ်ကိုင်ကြပါသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့်လုပ်ကိုင်သောမိသားစုမရှိသော်လည်းတစ်ပိုင်တစ်နိုင်အိမ်စားရုံမျှမွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၄၅၀၀	၄၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၆၀၀၀	၅၀၀၀	၄၅၀၀	၄၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၈၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၃၅၀၀	-	၃၀၀၀	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား		၃၀၀၀	၃၀၀၀	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင်ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မဝင်ငွေခြားနားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူတည်

ပါသည်။ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏လုပ်ငန်းများကိုမသိသောကြောင့်လုပ်အားခပမာဏကိုမသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၈	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈၀၉	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၀၀	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာတွင်လယ်မြေ(၈၀၉)ဧက၊တောင်ယာ မြေ(၈၈)ဧက ၊ ဥယျာဉ်ခြံမြေ(၃)ဧကရှိပါသည်။တောင်ယာများ၏မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သည့် လယ်ယာမြေများလည်း ဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း✓ မရှိ☐	လွယ် ✓ ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း✓မရှိ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း✓ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ ကျေးရွာအတွက် ကျောက်၊ သဲ၊ ကျောက်စရစ် အနည်းငယ်ထုတ် ယူသုံးစွဲနိုင်ပါသည်။ သဘာဝ အပင်မျိုးစိတ်များ နည်းပါးသော်လည်း နွား၊ ဆိတ်စသော တိရိစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစာအနည်းငယ်ရရှိပြီး တောင်ယာစိုက်ပျိုးရိတ်သိမ်းပြီးသောအခါတိရိစ္ဆာန် အစာပေါများစွာရရှိ နိုင်ပါသည်။တိရိစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ် ဝယ်ယူရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၁၀၀	၁၈၃	၈၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး သီးနှံစျေးနှုန်း အတက်အကျပေါ်မူတည်၍ စီးပွားရေးပြေလည်မှု၊မပြေလည်မှုကို ဖြစ်စေပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး ၊သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ပျိုးနုတ်စသည့် ရာသီအလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပြီး အချို့မှာ ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃၃	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၄_____ လုပ်အားခကြိုယူ= ၁၉_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၄၆	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၈_____ လုပ်အားခကြိုယူ= ၂၈_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ထီးကော်ထောကျေးရွာရှိဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၄၁.၇၈)ရာခိုင်နှုန်းမှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊(၃၂.၉၁) ရာခိုင်နှုန်းမှာ (၃ - ၅) လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ဆန်ရှားပါးမှုနှင့် ဆန်စျေးကြီးမှုကြောင့်အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊ တစ်ရက်လုံးလျှော့စားခြင်းများမှာ တစ်ခါမှ မဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရသိရပါသည်။ မြေယာမဲ့ ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူ တို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသောသက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ်☐	နိမ့်☐	မရှိ ✓
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလော ကျေးရွာတွင် သဘာဝဘေးအဘေးအန္တရာယ် ဆိုးဆိုးရွားရွား အခြေအနေမျိုး မရှိသော်လည်း တစ်ခါတစ်ရံ ရေကြီးခြင်း၊ မိုးနည်းခြင်း၊ မိုးမမှန်ခြင်းများ ရှိပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ ငှက်ဖျားရောဂါ၊ မိုးရာသီတုပ်ကွေးဖျားနာခြင်းသာရှိပြီး တီဘီရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ကျေးရွာသူကျေးရွာသားများ စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ကြက်နာရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။ လမ်းပန်းဆက်သွယ်ရေးအခြေအနေအနည်းငယ်ခက်ခဲပါသည်။

(၄–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်✓မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် □နိမ့်✓မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □လတ် □နိမ့်✓မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့်အိမ်ထောင်စုများ ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်း တို့ရှိပါသည်သည်။

(၂)　ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)　ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က–၁)　ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☐၃✓	၂၀	၅	၂၅	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	မိခင်နှင့် ကလေးအဖွဲ့	၁☐ ၂✓၃☐	–	၅	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး✓ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၃	လူပျိုခေါင်း အဖွဲ့	၁☐ ၂✓၃☐	၁၅	၁၅	၃၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	ကျောင်းအကျိုးတော် ဆောင်အဖွဲ့	၁☐ ၂✓ ၃☐	၁၀	–	၁၀	ပညာရေး✓ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	–	၁☐ ၂☐၃☐	–	–	–	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆	–	၁☐ ၂☐၃☐	–	–	–	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ထီးဝါပလောကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီးများ ပါဝင်ခြင်းမရှိသော်လည်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း လုပ်ဆောင်ကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါသည်။ မိခင်နှင့်ကလေးအဖွဲ့၊လူပျိုခေါင်းအဖွဲ့၊ အဖွဲ့များသည်ကျေးရွာ၏သာရေး နာရေး နှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြ ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	BT ကျန်းမာရေးအဖွဲ့	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

